# Single Parents များထံအရေးကြီးအသိပေးစာ

ひと、くらし、みらいのために
厚生労働省
Ministry of Health, Labour and Welfare

# ကလေးကိုကျွေးမွေးစောင့်ရှောက်နေဆဲဖြစ်သော ဝင်ငွေနည်းအိမ်ထောင်စုများအတွက် အိမ်ထောင်စု အထူးထောက်ပံ့ငွေ (Single Parents များအတွက်) လမ်းညွှန်ချက်

Single Parents များအတွက် <u>ထောက်ပံ့ငွေအသစ်ပေးရန်</u> ဆောင်ရွက်နေပါသည်!

## 1. ထောက်ပံ့မှုရယူရန် အကျုံးဝင်သူ

■အောက်ပါ ①～③ တို့အနက် တစ်ချက်ချက်ဖြင့် ကိုက်ညီသူ

① ၂၀၂၁ခုနှစ် ဧပြီလအတွက် ကလေးကျွေးမွေးစောင့်ရှောက်စရိတ် ရရှိထားသူ။

② ပြည်သူ့ပင်စင်များကိုရရှိ ထားခြင်းအားဖြင့် ၂၀၂၁ခုနှစ် ဧပြီလအတွက် ကလေးကျွေးမွေးစောင့်ရှောက်စရိတ် မရရှိထားသူ။

(ပြည်သူ့ပင်စင်များတွင် ကျန်ရစ်သူမိသားစုပင်စင်၊ ကိုယ်အင်္ဂါထိခိုက်ဆုံးရှုံးမှုပင်စင်၊ သက်ပြည့်ပင်စင်၊ လုပ်ငန်းခွင်ထိခိုက်မှုပင်စင်၊ ကျန်ရစ်သူမိသားစုလျော်ကြေး စသည်တို့ အကျုံးဝင်သည်။)

③ Corona ကူးစက်ရောဂါကြောင့် မိသားစုစီးပွားရေးရုတ်တရက်ပြောင်းလဲခြင်းစသော ဝင်ငွေသည် ကလေးကျွေးမွေးစောင့်ရှောက်စရိတ်ကိုရရှိနေသူနှင့် ဝင်ငွေအနေအထားတူညီနေသူ။

## 2. ထောက်ပံ့ငွေပမာဏ

ကလေးတစ်ယောက်လျှင် **ယန်း၅သောင်း** စီ

■ထောက်ပံ့ငွေလျှောက်ထားရန် နောက်ကျောဘက်စာမျက်နှာတွင်ဖော်ပြထားပါသည်။ မဖြစ်မနေ ဖတ်ရှုပေးပါ။

＊မေးလိုသည်များကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

□<u>အလုပ်သမားရေးရာ၊ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန　Call Center</u>

**0120-400-903** (ရုံးချိန် : တနင်္လာနေ့မှသောကြာနေ့ ၉:၀၀ ~ ၁၆:၀၀)

○ လျှောက်ထားပုံအသေးစိတ်နှင့်ပတ်သတ်ပြီး မိမိနေထိုင်ရာရပ်ကွက်ရှိ "ကလေးကျွေးမွေးစောင့်ရှောက်လျှက်ရှိသောအိမ်ထောင်စုအထူးထောက်ပံ့ငွေ (Single Parents များအတွက်)" တာဝန်ခံထံတွင် မေးမြန်းနိုင်ပါသည်။

## 3. ထောက်ပံ့ငွေ ပေးအပ်ပုံအဆင့်ဆင့်

### ■ ၂၀၂၃ခုနှစ် ဧပြီလအတွက် ကလေးကျွေးမွေးစောင့်ရှောက်စရိတ်ရရှိထားသူ (နောက်ကျောဘက်စာမျက်နှာ 1 ၏ ① နှင့်အကျုံးဝင်သူ)

▶ ထောက်ပံ့ငွေကို <u>လျှောက်ထားရန်မလိုပဲ</u> လက်ခံရယူနိုင်သည်။

▶ မေလပိုင်းတွင် ၂၀၂၃ခုနှစ် ဧပြီလအတွက် ကလေးကျွေးမွေးစောင့်ရှောက်စရိတ်ကို သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပေးမည်။

"သတိပြုပါ။"
※ ထောက်ပံ့ငွေရယူလိုခြင်းမရှိပါက လက်ခံရန်ငြင်းပယ်ကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးပါ။
※ ကလေးကျွေးမွေးစောင့်ရှောက်စရိတ် ထောက်ပံ့ရန်အတွက် ဖြည့်ထားသောဘဏ်စာရင်းကို ပိတ်ထားခြင်း အစရှိသည့် ထောက်ပံ့ကြေးလက်ခံယူရန်အဆင်မပြေမှုများ ဖြစ်ပွားခဲ့ပါက စာရင်းသွင်းဘဏ်စာရင်းနံပါတ် ပြောင်းလဲရန် လိုအပ်သည်များကို ဆောင်ရွက်ပါ။

### ■ အထက်ပါအချက်များနှင့်အကျုံးမဝင်သူများ (မျက်နှာစာ <u>**1** ၏ ② သို့မဟုတ် ③ တို့အနက် တစ်ချက်ချက်နှင့်ကိုက်ညီသူ</u>)

▶ ထောက်ပံ့ကြေးရရှိရန် <u>လျှောက်လွှာတင်ရ</u> ပါမည်။

▶ လျှောက်လွှာတွင် ဘဏ်စာရင်းနံပါတ်စသည်တို့ကိုဖြည့်ပြီး လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ〇〇မြို့ရှိ ကောင်တာတွင် တိုက်ရိုက် သို့မဟုတ် စာတိုက်မှတဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

▶ ထောက်ပံ့ငွေလက်ခံရန်အချက်များနှင့် အကျုံးဝင်ပါက လျှောက်ထားချက်များကို စစ်ဆေးကာ ရေးဖြည့်ထားသောဘဏ်စာရင်းသို့ တတ်နိုင်သမျှအမြန်ဆုံး ငွေလွှဲပေးပါမည်။




ကလေးကိုကျွေးမွေးစောင့်ရှောက်နေဆဲဖြစ်သော ဝင်ငွေနည်းအိမ်ထောင်စုများအတွက် အိမ်ထောင်စု အထူးထောက်ပံ့ငွေ "ငွေလွှဲလိမ်လည်မှု" များ "ကိုယ်ရေးအချက်အလက်လိမ်လည်ရယူမှု" များကို သတိထားပါ။

နေအိမ်သို့မဟုတ်လုပ်ငန်းခွင်သို့ ရပ်ကွက်အုပ်ချုပ်ရေးရုံး၊ အလုပ်သမားရေးရာ၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (မှဝန်ထမ်း) စသဖြင့် သံသယဖြစ်ဖွယ်ဖုန်းခေါ်ဆိုမှုနှင့် စာအိတ်များ လက်ခံရရှိပါက မိမိနေထိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် နီးစပ်ရာရဲစခန်း (သို့မဟုတ် ရဲမှုဆိုင်ရာ ဆွေးနွေးတိုင်ပင်သည့်ဖုန်းနံပါတ် (#9110)) ကိုဆက်သွယ်ပေးပါ။